# အင်္ဂလိပ်တို့တိုင်းပြည်မှာ (၃)

တက်စ်မြစ်ကမ်းနဘေးက မေဖလားဝါးပန်းခြံဟာ ခါတိုင်းလိုပဲ ဆိတ်ငြိမ်ခြင်းဝတ်စုံကို ခပ်ပါးပါးလွှမ်းခြုံလို့ ဆောက်ဟမ်တန်ဆိပ်ကမ်းရဲ့ နေရီရီကော်ဖီတစ်ခွက်ကို အေးအေးလူလူသောက်သုံးနေပါတယ်။ ပန်းခြံထဲက အရံအတားမဲ့ ကမ်းနဖူးဘေး ကတ္တရာလမ်းငယ်တစ်လျှောက်မှာ ကားကလေးတွေဟာ စီရရီရပ်ပြီး မြစ်တစ်ဖက်ကမ်းက စက်ရုံအလုပ်ရုံမီးခိုးခေါင်းတိုင်တွေ ထိုးထိုးထောင်ထောင်ရောယှက်နေတဲ့ မှောချိုဒ်တောအုပ်နိမ့်နိမ့်ကြား နေလုံးကြီး တအိအိဝင်သွားတဲ့ အလှကို ခံစားဖို့ နေရာယူထားကြပါပြီ။ တိတ်ဆိတ်ခြင်းစည်းချက်အတွင်း တချက်တချက် ဇင်ယောင်ငှက်တို့တောင်ပံခတ်သံတဖြတ်ဖြတ်ဟာ ကမ်းပါးကို ခပ်ဖွဖွလာရိုက်တဲ့ လှိုင်းပုတ်သံသဲ့သဲ့ နဲ့အတူ တက်စ်မြစ်ကြီးရဲ့ ညနေခင်းတေးသွားကို ပြည့်စုံစေပါတယ်။ ကျွန်မဟာ မြစ်ကမ်းနဖူးက ခုံတန်းရှည်လေးတစ်ခုမှာ ထိုင်လျှက် မြစ်ပြင်ကို ဖြတ်တိုက်လာတဲ့ လေနရိုင်းကို ခပ်ဖွဖွရှူရင်း ဆိပ်ကမ်းကတရွေ့ရွေ့ထွက်ခွါသွားတဲ့ Queen Mary II အပျော်စီး ဇိမ်ခံသင်္ဘောကြီးရဲ့ ပဲ့ပိုင်းကို ငေးကြည့်နေမိပါတယ်။

ဟိုးလွန်ခဲ့တဲ့ နှစ်တစ်ရာကျော်အချိန်က အဲဒီခေတ်ရဲ့ကမ္ဘာ့အကြီးဆုံးသင်္ဘောကြီးတစ်စင်းဟာ ဒီနေရာ ဒီဆိပ်ကမ်းကပဲ သူ့ရဲ့ ပထမဆုံးရေကြောင်းခရီးစဉ်ကိုပျော်ရွှင်စွာစတင်ရင်း လမ်းခရီးမှာကံဆိုးမိုးမှောင်ကျခဲ့တယ်ဆိုရင် အဲဒါ တိုင်တန်းနစ်သင်္ဘောကြီးမှန်း စာဖတ်သူတွေသိကြမှာပါ။ ကျွန်မဟာ ဒီတစ်ခေါက်မှာတော့ စာဖတ်သူများကို ကျွန်မနေတဲ့ ဆောင်ဟမ်တန်မြို့အကြောင်းပြောပြချင်ပါတယ်။ ဆောက်ဟမ်တန်အကြောင်းပြောမယ်ဆိုရင် တိုင်တန်းနစ်ဆိုတာ ဖယ်ထားလို့မရတဲ့အကြောင်းအရာပါ။ တိုင်တန်းနစ်သင်္ဘောကြီး နစ်တော့ ကမ္ဘာတဝှမ်း ဝမ်းနည်းပူဆွေးကြတာ၊ နောင်လာနောက်သားများ တိုင်တန်းနစ်ရုပ်ရှင်ကြည့်ပြီး မျက်ရည်တွေနှပ်တွေ ထွက်ကြတယ်ဆိုတာ တကယ်တော့ ဆောက်ဟမ်တန်သားတွေရဲ့ သောကကို ဘယ်မှာလိုက်မှီနိုင်ပါ့မလဲလေ။ တိုင်တန်းနစ်နဲ့အတူ ဆောက်ဟမ်တန်မြို့ကအိမ်ပေါင်း ၅၀၀ ကျော်ဟာ မိသားစုဝင်တွေ ဆုံးရှုံးခဲ့ရပါတယ်။ အဲဒီတုန်းက ဆောက်ဟမ်တန်မြို့မှာ သင်္ဘောကြီးနဲ့အတူ နစ်မြုပ်သေဆုံးသွားသူမရှိတဲ့လမ်း တစ်လမ်းမှ မကျန်ပါဘူးတဲ့။ ဆောက်ဟမ်တန်မြို့သူတစ်ယောက်ဆိုရင်ဟာ ခင်ပွန်းရယ်၊ သားရယ်၊ မောင် (၂) ယောက်ရယ်၊ ဝမ်းကွဲမောင် (၄) ယောက်ရယ် မိသားစုဝင် (၈) ယောက် တပြိုင်တည်းဆုံးရှုံးခဲ့ရသတဲ့။ သင်္ဘောကြီးမှာ အလုပ်လုပ်ဖို့ပါသွားတဲ့ သင်္ဘောသား ၅ ယောက်မှာ ၄ ယောက်ဟာ ဆောက်ဟမ်တန်သားတွေပါတဲ့။ အစ်ချန်မြစ်နံဘေးက စက်ရုံအလုပ်သမားအများစုနေတဲ့ နော့သမ်းဆိုတဲ့ ရပ်ကွက်က ကျောင်းကလေးတစ်ကျောင်းမှာဆိုရင် ကျောင်းသားလေး ၁၂၅ ယောက်လုံးဟာ ဖခင်တွေ ဆုံးရှုံးခဲ့ကြရသတဲ့။ ဒီလိုနဲ့ လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က ရက်တစ်ရက်မှာ တမြို့လုံးကြွက်ကြွက်ညံငိုကြွေးခဲ့ရတဲ့ ဆောက်ဟမ်တန်ဟာ ဘိုးဘေးတို့အတွက် ပူဆွေးသောကဒဏ်ရာကြီးကို နှစ်ပေါင်းများစွာရင်ဝယ်ပိုက်ထွေးလာရင်း၊ အမှတ်တရအဆောက်အဦးတွေ  တည်ဆောက်ရင်း အခုတော့ ဒီအကြောင်းအရာတွေကို သူတို့ဆီအလည်လာသူအပါင်းကို တည်တည်ငြိမ်ငြိမ်ပြောပြနေနိုင်ပါပြီ။

ဆောက်ဟမ်တန်က လမ်းတွေပေါ် လမ်းလျှောက်မယ်ဆိုရင် တိုင်တန်းနစ်နဲ့သက်ဆိုင်ရာတစ်ခုခုတော့ ကြုံတွေ့ရနိုင်ပါတယ်။ ဆောက်ဟမ်တန်ကို ကမ္ဘာကြီးရဲ့ တနေရာရာကနေ သင်္ဘောကြီးနဲ့လာမယ်ဆိုရင် အိုးရှင်းဆိပ်ကမ်း  ဂိတ်အမှတ် ၄ ဟာ  တိုင်တန်းနစ်သင်္ဘောကြီးထွက်ခွာရာနေရာအဖြစ် အတိအကျတွေ့နိုင်ပါတယ်။ အဲဒီဆိပ်ကမ်းနဲ့ လူတစ်ခေါ်စာလောက်အကွာအဝေးမှာ ရှေးဟောင်း နှစ်ထပ်ကျောက်တုံးအဆောက်အဦးလေးတစ်ခုဟာ  တိုင်တန်းနစ်ပြတိုက်ဟောင်းအဖြစ်တည်ရှိပါတယ်။ အခုအခါမှာတော့ အဲဒီပြတိုက်ထဲက တိုင်တန်းနစ်ကြွင်းကျန်အမွေအနှစ်တွေကို မြို့စည်ပင်အုပ်ချုပ်ရေးရုံးနဲ့ကပ်ရက် အသစ်တည်ဆောက်ထားတဲ့ Seacity ပြတိုက်ထဲမှာ ပြောင်းရွှေ့ပြသထားပါတယ်။ ဆောက်ဟမ်တန်ကို

အင်္ဂလန်တစ်နေရာရာကနေ ရထားနဲ့လာမယ်ဆိုရင်လည်း ဘူတာရုံအပြင်ဖက် ပလက်ဖောင်းကို ခြေချမိရင်ပဲ ပလက်ဖောင်းပေါ်မှာ Lost: August Kenzler, Age 43, Storekeeper on RMS Titanic, Lived at 21 Blechynden Terrace ဆိုတဲ့ စာတမ်းမျိုးကို နင်းဖြတ်လျှောက်သွားရမှာပါ။ ဘူတာရုံကနေ Seacity ပြတိုက်ကို ရောက်ဖို့ ကုန်းမို့မို့လေးတစ်ခုကို တက်ရပါတယ်။ အဲဒီကုန်းပေါ်မှာ မြို့စည်ပင်အုပ်ချုပ်ရေးရုံးရယ်၊ မြို့ရဲ့ ဗဟိုစာကြည့်တိုက်ကြီးရယ်၊ တိုင်တန်းနစ်အမွေအနှစ်တွေရှိတဲ့ Seacity ပြတိုက်ရယ်ဟာ နာရီစင်ကြီးကို ဝန်းရံလျက်တည်ရှိနေပါတယ်။ ပြတိုက်ရှေ့မှာ ခါးလောက်အမြင့်ရှိတဲ့ ခြံစည်းရိုးပင်ခြံပုတ်ကလေးတွေခြံရံပြီး အလည်မှာ လူသွားလမ်းကလေးဖြတ်ဖောက်ထားတဲ့ ဘဲဥပုံ စိမ်းနရောင်မြက်ခင်းဝိုင်းလေးတစ်ခုရှိပါတယ်။ အဲဒါ တိုင်တန်းနစ်ရဲ့ အငယ်ဆုံးနဲ့ နောက်ဆုံးအသက်ရှင်ကျန်ရစ်သူ ခရီးသည် (၂၀၀၉ ခုနှစ် မေလ၊ အသက်၉၇ နှစ်အရွယ်မှာ ကွယ်လွန်ခဲ့သူ) မေးဗီနာဒင်းအတွက်အမှတ်တရပန်းခြံလေးပါ။ အဲဒီတုန်းက သူမဟာ ၂ လသမီးအရွယ် အသက်အငယ်ဆုံး ခရီးသည်လေးဖြစ်ခဲ့ပါတယ်။

Seacity ပြတိုက်ထဲမှာ တိုင်တန်းနစ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေဟာ အဓိကအဖြစ် ရှိနေပါတယ်။ ဒီပြတိုက်ကို တိုင်တန်းနစ် ဆောက်ဟမ်တန်ဆိပ်ကမ်းက ထွက်ခွာခဲ့တာ နှစ်တစ်ရာတင်းတင်းပြည့်တဲ့ ၂၀၁၂ ခုနှစ် ဧပြီလ ၁၂ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တာပါ။ ၂၅ အချိုး ၁ ချိုး စကေးချုံ့ထားတဲ့ တိုင်တန်းနစ်သင်္ဘောကြီးရဲ့ ပုံစံတူကို ပြတိုက်ထဲမှာပြသထားပြီး တိုင်တန်းနစ် နစ်မြုပ်ချိန်မှာ အချိန်ရပ်ထားခံလိုက်ရတဲ့ နာရီစစ်စစ်ကြီးဟာ အဲဒီပြတိုက်ထဲမှာရှိပါတယ်။ ဂျက် (လီယိုနာဒို)နဲ့ အတူတွဲကဖို့ ကပွဲခန်းမထဲကို ရို့စ်(ကိတ်ဝင်းစလက်) အထက်တန်း (first class ) ခရီးသည်တွေသာအသုံးပြုခွင့်ရတဲ့ လှေကားကဆင်းလာချိန်မှာ လှေကားထိပ်မှာမြင်တွေ့ ကြရတဲ့ သစ်သားပန်းပုချပ်ကြီးဟာလည်း ဒီပြတိုက်ထဲမှာရှိနေပါတယ်။ ဒီပန်းပုချပ်ကြီးက တိုင်တန်းနစ်ဆီကဆယ်ယူရရှိတာတော့မဟုတ်ပါဘူး။ သူ့ရဲ့ ညီအမသင်္ဘော အိုလံပစ်ဆီက ယူထားတာပါတဲ့။ အိုလံပစ်မှာရှိတဲ့ပန်းပုချပ်ကြီးဟာ တိုင်တန်းနစ်မှာရှိတာနဲ့ တထေရာတည်းတူတာမို့ ချွတ်ယူပြီးပြတိုက်မှာထိမ်းသိမ်းထားတာပါ။ သင်္ဘောကပ္ပတိန်ကြီးရဲ့ ရာထူးအဆောင်အယောင်ရွှေစားအပါအဝင် တိုင်တန်းနစ်နဲ့ ပတ်သက်တဲ့ တခြားပစ္စည်းတွေများစွာနဲ့ လိုက်ပါစီးနင်းခဲ့တဲ့လူတွေနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာတွေကို ကျန်ရစ်တဲ့ ရေဒီယိုအသံတွေ၊ ဓတ်ပုံတွေ၊ ဆလိုက်တွေနဲ့ ပြသထားတာမို့ လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က ဝမ်းနည်းဖွယ်အဖြစ်အပျက်ကြီးကို (တိုင်တန်းနစ်ရုပ်ရှင်ထဲကအရုပ်တွေအသံတွေမဟုတ်တဲ့) တကယ့်အရုပ်အသံစစ်စစ်ကြီးများဖြင့် လူကိုယ်တိုင်ပြန်လည်ခံစားရစေပါတယ်။

ပြတိုက်ထဲမှာ သင်္ဘောကြီးနှင့်အတူ နစ်မြုပ်သေဆုံးသွားသူ လူပေါင်း၁၅၀၀ကျော် ရဲ့အမည်တွေကို (ဓာတ်ပုံကျန်ရစ်သူတွေကိုတော့ ဓာတ်ပုံနှင့်တကွ) နံရံကြီးနှစ်ခုအပြည့် တစ်ယောက်မကျန်မှတ်တမ်းတင်ထားပြီး အဲဒီထဲကဆောက်ဟမ်တန်သားတွေကို အဝါရောင်နောက်ခံချယ်ထားကာ ဆောက်ဟမ်တန်သားမဟုတ်သူတွေကို အနက်ရောင်နောက်ခံချယ်ပြထားတာမို့တာမို့ နံရံကြီးတစ်ခုလုံးဟာ အနက်ရောင်အစက်အပြောက်တချို့ရှိတဲ့ အဝါရောင်နံရံကြီးဖြစ်လို့နေပါတယ်။ သင်္ဘောကပ္ပတိန်ကြီး အက်ဒဝပ်စမစ်ဟာလည်း ဆောက်ဟမ်တန်၊ ပို့စ်ဝုဒ်အရပ်မှာအခြေချနေထိုင်ခဲ့သူပါတဲ့။ တိုင်တန်းနစ်သမိုင်းဟာ ဆောက်ဟမ်တန်သမိုင်းပါလို့တောင် နံရံမှာရေးထားတာကိုတွေ့ရပါတယ်။

ဆောက်ဟမ်တန်ဟာ တိုင်တန်းနစ်အမွေအနှစ်တွေကို ပြတိုက်ထဲခေတ်အဆက်ဆက်ထိမ်းသိမ်းထားပြီး အလည်လာသူအပေါင်းကို သူတို့ရဲ့ ဝမ်းနည်းဖွယ်အတိတ်ဟောင်းကြီးကို ပြောပြပြီး ငိုချင်းချတတ်သလို အသက်ဆုံးရှုံးခဲ့ရတဲ့ မိသားစုဝင်တွေအတွက် အောက်မေ့ခြင်း အထိမ်းအမှတ်တွေလုပ်ဖို့လည်း မလစ်ဟင်းခဲ့ပါဘူး။ ပြတိုက်ကနေ မြောက်ဖက် ၅ မိနစ်လောက်လမ်းလျှောက်လိုက်ရင် ရောက်တဲ့ စိန့်အင်ဒရူးပန်းခြံထဲမှာ

တိုင်တန်းနစ်သင်္ဘောကြီး ရဲ့ အင်ဂျင်နီယာချုပ် ဂျိုးဆက်ဘဲလ်နှင့်တကွ တစ်ဦးမှ အသက်ရှင်မကျန်ရစ်တဲ့ အင်ဂျင်နီယာအဖွဲ့သားအားလုံးအတွက် အထိမ်းအမှတ် ကျောက်ပန်းပုရုပ်ထုရှိပါတယ်။ ဂရင်းနိုက်ကျောက်ပြားနောက်ခံမှာ ဂရိဒဏ္ဍာရီထဲက အောင်မြင်ခြင်းကို ကိုယ်စားပြုတဲ့ နိုက်ခ် နတ်သမီးရဲ့ ကြေးရုပ်ထုကို သင်္ဘောထဲအလုပ်လုပ်နေဟန် အင်ဂျင်နီယာနှစ်ဦးပုံရုပ်ထွင်းနှစ်ခု တစ်ဖက်တချက် ခြံရံလျက်ရှိတဲ့ အဲဒီအထိမ်းအမှတ်ဟာ သင်္ဘောကြီးရဲ့ နောက်ဆုံးမိနစ်အထိ မိမိရဲ့တာဝန်ကို ကျေပွန်စွာ အသက်စွန့်ထမ်းဆောင်သွားခဲ့တဲ့ အင်ဂျင်နီယာများရဲ့ သူရဲကောင်းစိတ်ဓာတ်နဲ့ လုပ်ရပ်ကို ဂုဏ်ပြုထားတာပါတဲ့။ အောက်ခြေခုံပေါ်မှာ ကမ္ဘာတဝှမ်းမှ အင်ဂျင်နီယာများ၊ မိတ်ဆွေများမှ ဂုဏ်ပြုစိုက်ထူသည်ဆိုတဲ့ စာကြောင်းကိုလည်းတွေ့ရပါတယ်။

ဒီအထိမ်းအမှတ်နဲ့ ခဲတစ်ပစ်လောက်အကွာ လမ်းခွဆုံလေးကိုကျော်လိုက်ရင် တိုင်တန်းနစ်သင်္ဘောကြီးရဲ့ နောက်ဆုံးအချိန်အထိ Nearer, My God, to Thee ဆိုတဲ့ တေးသွားကိုတီးခတ်ရင်း တည်ငြိမ်စွာ အသက်စွန့်သွားကြတဲ့ ဂီတာပညာရှင်တွေအတွက် ဂုဏ်ပြုအထိမ်းအမှတ်ရှိပြန်ပါတယ်။ သင်္ဘောကြီးနစ်မြုပ်ပြီး ၁ နှစ်အကြာမှာ ဒီကျောက်ပြားကြီးကို စိုက်ထူခဲ့ပေမယ့် ဒုတိယကမ္ဘာစစ်အတွင်းဗုံးဒဏ်ကြောင့် ပျက်စီးသွားလို့ ပုံတူပွားထပ်လုပ်ထားတာပါတဲ့။ အရင်ရှိခဲ့ဖူးတဲ့နေရာမှာပဲ ပြန်လုပ်ထားတာပါ။ အခုအချိန်မှာ အဲဒီနေရာဟာ စီးပွားရေးဆိုင်ရာ ရုံးခန်းတွေ၊ ရှေ့နေရုံးခန်းတွေရှိတဲ့ နှောင်းခေတ်အဆောက်အဦးကြီးဖြစ်နေပေမယ့် ဒီလို ရှေးဟောင်းအမွေအနှစ်အထိမ်းအမှတ်ကို အဆောက်အဦးရှေ့မျက်နှာစာမှာ ဂုဏ်ယူစွာ၊ အမြတ်တနိုးပြန်လည်ထားရှိထားတာပါ။ ရေခဲကျောက်ဆောင်ကြီးတစ်ခုဘေးက သင်္ဘောကြီးရဲ့ ဦးပိုင်းကိုဖက်ပြီး ငိုကြွေးနေတဲ့ အမျိုးသမီးတစ်ယောက်ပုံနဲ့ နောက်ဆုံးတီးခတ်သွားတဲ့ တေးသွားကို ဂီတသင်္ကေတနဲ့ ထွင်းထားတဲ့ အဲဒီအထိမ်းအမှတ်ကျောက်ပြားဟာ ဆောက်ဟမ်တန်သားတို့အသက်ရှင်နေသရွေ့ ရှိနေအုံးမယ်ထင်ပါတယ်။

တိုင်တန်းနစ်သင်္ဘောကြီး ထွက်ခွာခဲ့ရာ ဆိပ်ကမ်းနဲ့ သိပ်မဝေးတဲ့ ဆောက်ဟမ်တန်မြို့ဟောင်းတစ်နေရာရှိ ဟိုးလီးရုဒ် (Hollyrood) ဘုရားရှိခိုးကျောင်းပျက်အတွင်းမှာတော့ ဆောက်ဟမ်တန်မြို့သားအများစုပါဝင်တဲ့ သေဆုံးသူ တိုင်တန်းနစ်သင်္ဘောသားများအားလုံးအတွက် အမှတ်တရ အောက်မေ့ဖွယ်အထိမ်းအမှတ်ရှိပါတယ်။ ဆိပ်ကမ်းကနေ ခဲတစ်ပစ်လောက်အကွာမှာတင် နောက်ထပ် အောက်မေ့ဖွယ်အထိမ်းအမှတ်တစ်ခုရှိပါသေးတယ်။ သင်္ဘောကြီးပေါ်ပါသွားတဲ့ စားဖိုမှူးတွေအပါအဝင် စားသောက်ဆိုင်ဝန်ထမ်းတွေအတွက်ပါ။ သင်္ဘောကြီးရဲ့ စာပို့လုပ်သားတွေအတွက် အထိမ်းအမှတ်ကျောက်ပြားကြီးကတော့ မြို့စည်ပင်အုပ်ချုပ်ရေးရုံးတွင်းတစ်နေရာမှာ ရှိနေပါတယ်။

ဆောက်ဟမ်တန်မှာ တိုင်တန်းနစ်နဲ့ပတ်သက်ပြီး သေဆုံးသူတွေအတွက် အောက်မေ့ဖွယ်အထိမ်းအမှတ်တွေရှိသလိုပဲ တိုင်တန်းနစ်သင်္ဘောကြီးနဲ့ အရှင်လတ်လတ်ဆက်စပ်နေတဲ့ အဆောက်အဦးတွေလည်းရှိပါသေးတယ်။ ဆိပ်ကမ်းကနေ ၅မိနစ်လောက်လမ်းလျှောက်တက်လိုက်ရင် စားသောက်ဆိုင်၊ အရက်ဆိုင်၊ ဟိုတယ်၊ ဈေးဆိုင်တွေနဲ့ ညဖက်ဆို အရမ်းစည်တဲ့ အောက်စ်ဖို့ဒ်လမ်းဆိုတာရှိပါတယ်။ အဲဒီလမ်းမှာ လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က တိုင်တန်းနစ်သင်္ဘောပေါ်လိုက်မယ့်သင်္ဘောသားတွေ သင်္ဘောပေါ်မတက်ခင် နားခိုရာ Sailor’s Home ဆိုတာရှိပါတယ်။ အခုအချိန်မှာတော့ ခရစ်ယန်ဘာသာရေးအဖွဲ့တစ်ခုက လူမှုဝန်ထမ်းကယ်ဆယ်ရေး အဆောက်ကြီးအဖြစ်အသုံးပြုနေပါတယ်။ အဲဒီတုန်းကသင်္ဘောသားတွေ၊ခရီးသည်တွေ သောက်စားပျော်ပါးတဲ့ အရက်ဆိုင် The Grapes Public House ဆိုတာလည်း အခုအချိန်ထိ ရှိနေဆဲပါ။ ဂျက် (လီယိုနာဒို) သင်္ဘောပေါ်ပြေးမတက်ခင် လောင်းကစားလုပ်တဲ့ နေရာဖြစ်မယ်ထင်ပါရဲ့။ အဲဒီမှာလည်း တိုင်တန်းနစ်နဲ့

ပတ်သက်နေတဲ့ ဓာတ်ပုံတွေအများကြီးရှိပါတယ်။ တိုင်တန်းနစ်သင်္ဘောကြီးပေါ် ဖိမ်ခံလိုက်ကြမယ့် လူကုံထံတွေ တည်းခိုနေထိုင်ခဲ့တဲ့ အဲဒီခေတ်က first class အဆင့် ဟိုတယ်ကြီးဟာလည်း အဲဒီနားမှာပဲ ရှိပြန်ပါတယ်။ အခုအချိန်မှာတော့ လူနေအဆောက်အဦးအဖြစ် အသွင်ပြောင်းသွားပါပြီ။

လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်ကအတိတ်ရဲ့ ခြေရာတွေနောက်လိုက်ရာကနေ ပစ္စုပ္ပန်ဆီပြန်သွားရမယ်ဆိုရင် ဆောက်ဟမ်တန်ဟာ လက်ရှိမှာလည်း သမုဒ္ဒရာဖြတ်ဖိမ်ခံသင်္ဘောကြီးအတော်များများရဲ့ အမေ့အိမ် (သို့) မိခင်ဆိပ်ကမ်းမြို့အဖြစ် ရှိနေဆဲပါ။ ကမ္ဘာ့အကြီးဆုံးဖိမ်ခံသင်္ဘောကြီးတွေအပါအဝင် သင်္ဘောအစီးပေါင်း ၁၀၀ ကျော်ပိုင်ဆိုင်တဲ့ အမေရိကန်- ဗြိတိသျှပူးတွဲပိုင် ကမ္ဘာ့အကြီးဆုံးသင်္ဘောကုမ္ပဏီကြီး ကာနီဗယ် (Carnival ) ရဲ့ အင်္ဂလန်ရုံးချုပ်ဟာ ဆောက်ဟမ်တန်မြို့မှာရှိပါတယ်။ မိခင်ဆိပ်ကမ်းဖြစ်တာမို့ အဲဒီသင်္ဘောကြီးတွေရဲ့ အမည်ကင်ပွန်းတပ်မင်္ဂလာအခမ်းအနားတွေ၊ maiden voyage လို့ခေါ်တဲ့ ပထမဆုံးရေကြောင်းခရီးစတင်တာတွေ၊ သက်တမ်းကုန်ဆုံးလို့ ခရီးမသွားတော့ပဲတနေရာရာမှာ ငြိမ်းချမ်းစွာအနားယူတော့မယ့်အချိန် နောက်ဆုံးနှုတ်ဆက်ခြင်းတွေကို ဆောက်ဟမ်တန်ဆီပဲ လာပြီးလုပ်လေ့ရှိပါတယ်။ ၂၀၀၇ ခုနှစ်တုန်းက ကွင်းဗစ်တိုးရီးယား (Queen Victoria) သင်္ဘောကြီးရဲ့ ကင်ပွန်းတပ်မင်္ဂလာကို ဒီဆိပ်ကမ်းမှာပဲလုပ်ခဲ့သလို ၂၀၁၀ ခုနှစ်မှာ ကွင်းအယ်လီဇဘက် (MS Queen Elizabeth ) သင်္ဘောကြီးရဲ့ ကင်ပွန်းတပ်မင်္ဂလာကိုလည်း ဒီဆိပ်ကမ်းမှာပဲ လက်ရှိအင်္ဂလန်ဘုရင်မကြီးအယ်လီဇဘက်ကိုယ်တိုင် လာရောက်ချီးမြှင့်ဖွင့်လှစ်ပေးခဲ့ပါတယ်။ နှစ်တစ်နှစ်ရဲ့ သတ်မှတ်ထားတဲ့ ရက်တစ်ရက်မှာ Queen Mary II ,Queen Victoria, Queen Elizabeth ဆိုတဲ့ ဖိမ်ခံသင်္ဘောကြီး ၃ စီးဟာ သူတို့ရဲ့မိခင်ဆိပ်ကမ်းဆောင်ဟမ်တန်ဆီ အတူတကွရောက်ရှိလာကြပြီး 'Arrival of Three Queens' လို့ခေါ်တဲ့ အခမ်းအနားတစ်ရပ်ကို ကျင်းပလေ့ရှိပါတယ်။

အခုလက်ရှိပြေးဆွဲနေတဲ့သင်္ဘောကြီးတွေထဲ ကမ္ဘာ့အကြီးဆုံးဖိမ်ခံသင်္ဘောကြီးဆိုတဲ့စံချိန်ကို Allure of the Seas ဆိုတဲ့သင်္ဘောကြီးကရယူထားချိန်မှာ အထပ်၁၆ ထပ်ရှိပြီး စားသောက်ဆိုင်ပေါင်း ၂၀ ကျော်ပါတဲ့ ပဲရစ်မြို့က အီဖယ်မျှော်စင်ထက်မြင့်တဲ့ Harmony of the Seas ဆိုတဲ့ သင်္ဘောကြီးဟာ ယခုအခါမှာကမ္ဘာ့နံပတ်(၁) အကြီးဆုံးအဖြစ် တည်ဆောက်ထားပါပြီ။ အဲဒီသင်္ဘောကြီးကို ရေချစမ်းသပ်မောင်းနှင်တဲ့ အခမ်းအနားကို ပြီးခဲ့တဲ့မတ်လက ပြင်သစ်အနောက်ဖက်ကမ်းခြေတစ်ခုမှာပြုလုပ်ခဲ့ပါတယ်။ ဒီသင်္ဘောကြီးရဲ့ ပထမဆုံးခရီးစဉ်ကိုတော့ ထုံးတမ်းစဉ်လာမပျက် ဆောင်ဟမ်တန်ဆိပ်ကမ်းကြီးကနေစတင်အုံးမှာပါတဲ့။

ဒီဆောင်းပါးကို အဆုံးမသတ်ခင် တိုင်တန်းနစ်နဲ့ပတ်သက်ပြီး အင်္ဂလိပ်တွေ ဘယ်လိုသဘောထားကြသလဲဆိုတာကို ပြောပြချင်ပါတယ်။ Seacity ပြတိုက်ထဲမှာ တိုင်တန်းနစ်ပြခန်းကိုဘယ်လိုအဆုံးသတ်ထားသလဲဆိုတော့ တိုင်တန်းနစ်ဟာ အလွန်ဝမ်းနည်းဖွယ်ကောင်းတဲ့ ရောမ မတော်တဆမှုကြီးဖြစ်ခဲ့ပေမယ့် ယနေ့ခေတ် သင်္ဘောကြီးတွေအားလုံး ဘေးကင်းလုံခြုံစွာသွားလာနိုင်ဖို့ သူက သင်ခန်းစာပေးသွားခဲ့တာပါတဲ့။ သူကြောင့် ယနေ့ခေတ် သမုဒ္ဒရာပင်လယ်ခရီးသွားလာမှုကဏ္ဍမှာ ဘေးကင်းလုံခြုံရေးအစီအမံတွေများစွာ တိုးတက်ပေါ်ပေါက်လာခဲ့ရပါတယ်တဲ့။ တိုင်တန်းနစ်ဆိုတာ မနစ်မြုပ်နိုင်သော သင်္ဘောကြီးလို့ယူဆထားတာ ဘာကြောင့်နစ်မြုပ်ခဲ့ရသလဲ။ ဘယ်သူ့မှာတာဝန်ရှိသလဲ။ ဘာကြောင့်လူပေါင်းများစွာ မသေသင့်ပဲသေကြေခဲ့ရသလဲဆိုတဲ့ မေးခွန်းတွေရဲ့အဖြေရဖို့ သင်္ဘောနစ်မြုပ်ပြီးတစ်လမပြည့်ခင် ၁၉၁၂ ခု မေလ ၂ ရက်နေ့မှာ လန်ဒန်မြို့မှာ အများပြည်သူရှေ့မှောက်ကြားနာစစ်ဆေးခြင်းကို အသက်မသေပဲကျန်ရစ်သူတွေထဲက သင်္ဘောသား၊ ခရီးသည်များနဲ့ ကျွမ်းကျင်သူများအပါအဝင်လူပေါင်း ၉၇ ယောက်ကို မေးမြန်းစစ်ဆေး အဖြေထုတ်ခဲ့ပါတယ်။ Seacity ပြတိုက်ထဲမှာ အဲဒီတုန်းကမေးခဲ့တဲ့ အမေးအဖြေတွေကို အသံသွင်းပြီး တရားရုံးလိုပြင်ဆင်ထားတဲ့ ခန်းမကြီးတစ်ခုထဲမှာ ရုပ်ရှင်လို ပြသထားပါတယ်။ ဒီကြားနာစစ်ဆေးမှုကထွက်လာတဲ့

အဖြေတွေအပေါ် အခြေခံကာ နောင် ၂ နှစ်အကြာမှာ ပင်လယ်ရေကြောင်းခရီး ဘေးကင်းလုံခြုံရေးဆိုင်ရာ ပထမဆုံးသော အပြည်ပြည်ဆိုင်ရာညီလာခံကြီးကို လန်ဒန်မှာ ကျင်းပခဲ့ပြီး တကမ္ဘာလုံးလိုက်နာကျင့်သုံးရမယ့် ရေကြောင်းဥပဒေနဲ့ ဘေးကင်းလုံခြုံရေး အစီအမံဆိုင်ရာစံသတ်မှတ်ချက်တွေ ချမှတ်နိုင်ခဲ့ပါတယ်တဲ့။ ဒီဥပဒေအရ ကမ္ဘာပေါ် မှာရှိတဲ့ ခရီးသည်တင်သင်္ဘောတိုင်းဟာ သူသယ်ဆောင်တဲ့ခရီးသည်အားလုံးအတွက်လုံလောက်တဲ့ အသက်ကယ်လှေအရေအတွက်မဖြစ်မနေပါရှိရမယ်၊ ကောင်းမွန်တဲ့ဆက်သွယ်ရေးအော်ပရေတာစနစ်နဲ့ ကျွမ်းကျင်ဝန်ထမ်းများ ၂၄ နာရီထားရှိရမယ်ဆိုတဲ့အခြေခံအချက်တွေကစလို့ အရေးပေါ် အခြေအနေမှာ လုပ်ဆောင်ရမယ့်နည်းများတွေအပြင် သင်္ဘောတည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်းတွေပေါ် ပေါက်လာခဲ့ပါတယ်။ ဒါကတော့ ပြဿနာ(သို့) မတော်တဆမှုတစ်ခုဖြစ်ပွားပေါ် ပေါက်လာတဲ့အခါ ဘာကြောင့်ဒီလိုဖြစ်ရသလဲ၊ ဒီလိုနောက်တစ်ခါမဖြစ်အောင်ဘယ်လိုကာကွယ်နိုင်မလဲဆိုတဲ့ အဖြေကိုရအောင်ရှာဖွေပြီး အမှားထဲမှသင်ခန်းစာယူကာ အမြဲပြုပြင်နေတဲ့ သဘောထားနဲ့ အကျင့်အကြံကို ထင်ဟပ်စေပါတယ်။

တိုင်တန်းနစ်ရဲ့ အမှားကို သင်ခန်းစာအဖြစ်ယူပြီး အစောဆုံးပြုပြင်ခဲ့တာက  သူ့ရဲ့ ညီမသင်္ဘော အိုလံပစ်ပါ။ အိုလံပစ်ဟာ တိုင်တန်းနစ်ရဲ့ သတင်းဆိုးကိုရပြီးနောက် ဆောက်ဟမ်တန်ဆိပ်ကမ်းကို ပြန်ရောက်ရောက်ချင်း သင်္ဘောပေါ် ပါသူအားလုံးအတွက်လုံလောက်တဲ့ အသက်ကယ်လှေတွေဖြည့်ဆည်းခြင်းအပါအဝင် အန္တရာယ်ကင်းအစီအမံဆိုင်ရာအခြားလိုအပ်ချက်တွေကို ချက်ချင်းပြုပြင်ဆောင်ရွက်ခဲ့ပါသတဲ့။ ဒီလိုသဘောထားအကျင့်အကြံတွေကို ကျွန်မဟာ လုပ်ငန်းခွင်မှာလည်း အမြဲလိုလိုတွေ့ရလေ့ရှိပါတယ်။ မတော်တဆမှုတွေဖြစ်လာခဲ့ရင်  ပြင်းပြင်းထန်ထန်အရေးယူခြင်း၊ အပြစ်တင်ခြင်းဆိုတဲ့လုပ်ရပ်အစား ဒါဟာဘာကြောင့်ဖြစ်ရသလဲ၊ နောက်တစ်ခါဒီလိုမဖြစ်အောင်ဘယ်လိုအစီအမံတွေလုပ်ရမလဲဆိုတဲ့ အဖြေကိုရအောင်ထုတ်ပြီး ဘေးကင်းလုံခြုံရေးအစီအမံတွေကို အမြဲတစေပြုပြင်တိုးတက်အောင်လုပ်နေတာကို မြင်တွေ့နေရပါတယ်။

ဒီအကြောင်းကိုပြောတော့ ငယ်ငယ်တုန်းက မွေးရပ်မြေမာန်အောင်ကျွန်းကိုသွားရင် အသက်ကိုဖက်နဲ့ထုပ်ပြီး ငပိသိပ်ငါးချဉ်သိပ်စီးရတဲ့ မော်တော်ဘုတ်သေးသေးလေး၊ သင်္ဘောအပတ်နဲ့ ကြုံရင် ကံကောင်းစွာ စီးခွင့်ရတဲ့ သင်္ဘောစုတ်ကြီးကို သွားသတိရမိသလို ခရီးသည်တွေမချိမဆံ့တင်လို့ ရခိုင်ကမ်းရိုးတမ်းမှာ ၂၀၁၅ မတ်လတုန်းက နစ်မြုပ်သွားရတဲ့ လူပေါင်းများစွာသေကြေပျောက်ဆုံးသွားတဲ့ အောင်တံခွန်သင်္ဘောကြီးအဖြစ်အပျက်ကို သွားသတိရမိပါတယ်။ ရခိုင်ပြည်ရေကြောင်းခရီးမှာ ကိုယ်စီးတဲ့မော်တော်ဘုတ်၊သင်္ဘောမြုပ်ဖို့ ကြိမ်ဖန်များစွာကြုံခဲ့ရတာကနေ ကံကောင်းလို့ အခုအချိန်မှာ ဒီစာတွေရေးနေနိုင်တာပါ။ ဆောက်ဟမ်တန်အကြောင်းပြောပြရာမှာ တိုင်တန်းနစ်အဖြစ်အပျက်ရယ် အဲဒါနဲ့ပတ်သက်ပြီး အင်္ဂလိပ်တွေဘာတွေလုပ်တယ်၊ ဘယ်လိုသဘောထားတယ်ဆိုတာ ပြောရတာနဲ့တင် စာအတော်ရှည်သွားပြီမို့ ဆောက်ဟမ်တန်မြို့ရဲ့ နောက်ထပ်စိတ်ဝင်စားစရာအကြောင်းအရာတွေ၊ မြန်မာနိုင်ငံနဲ့ ဆက်စပ်မှုရှိနေတဲ့ ထူးခြားချက်ကလေးတွေကို နောက်တစ်ခါမှပဲ ဆက်ပြောပါရစေနော်။ နေလည်းအတော်ညို့နေပြီမို့ ကျွန်မအိမ်ပြန်ပါတော့မယ်။ မေဖလားဝါးပန်းခြံထဲက မြက်ခင်းပေါ် မှာ အလေ့ကျပေါက်နေတဲ့ ချစ်စရာဒေစီပန်းဖြူဖြူလေးတွေလည်း ပွင့်ဖတ်လေးတွေစုပြီး အိပ်ပျော်နေကြပြီလေ။

စာဖတ်သူများကိုလေးစားလျက်

မြသဥ္စလီနွယ်

**၂၄.၀၅.၂၀၁၆ စောင့်ကြည့်ဂျာနယ်**